# လွတ်မြောက်ရေးသဘောတူကြေညာစာတမ်း (The Freedom Charter)

နိုင်ငံရေးအင်အားစုများဖြစ်ကြသည့် ပါတီများ၊ ပြည်သူ့ကိုယ်စားလှယ်များ၊ လူထုလှုပ်ရှားမှု ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်း များ၊ အမျိုးသမီးခေါင်းဆောင်များ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် LGBTIQ စသည် တို့ စုပေါင်းပါဝင်သည့် **“ညွန့်ပေါင်းစုဖွဲ့မှု” (Coalition Body)** မှ နိုင်ငံရေးသဘောတူညီမှု တစ်ရပ်ကို ဦးစွာချမှတ်ရမည် ဖြစ်သည်။ ထိုအကြောင်းအရာများကို အခြေခံလျက် လွတ်မြောက်ရေး သဘောတူ ကြေညာစာတမ်းကို ချမှတ်ထုတ်ပြန်စေရမည်။ အစိတ်အပိုင်း (၃) ရပ်အနေဖြင့်_

၁။ နိုင်ငံတစ်ဝှမ်းလုံးရှိ နိုင်ငံသားတို့၏ အခွင့်အရေးနှင့် တာဝန်များကို ဖော်ပြသည့် ကြေညာချက် (Bill of Rights)

၂။ တစ်နိုင်ငံလုံးဆိုင်ရာ လွတ်မြောက်ရေးကြေညာစာတမ်းမှ ပြည်ထောင်စုနိုင်ငံရေးသံန္နိဋ္ဌာန်ကို ထုတ်ပြန် ကြေညာခြင်း (Commitment of the Union)

၃။ ပြည်ထောင်စုတည်ဆောက်ရာတွင် အခြေခံမည့်လုပ်ငန်းစဉ်တို့ကို ပဋိညာဉ်တစ်ရပ်အဖြစ် သဘောတူကြောင်း ပါရှိစေရမည်။ (Political Covenant)

**လွတ်မြောက်ရေးသံန္နိဋ္ဌာန်ကြေညာစာတမ်း** အစိတ်အပိုင်း (၁) တွင် နိုင်ငံတစ်ဝှမ်းလုံးတွင် မှီတင်းနေထိုင်ကြသည့် နိုင်ငံသားများအားလုံးနှင့် လူသားအားလုံးတို့၏ ရရှိခံစားပိုင်ခွင့်ရှိသည့် လူ့အခွင့်အရေးကြေညာစာတမ်းပါ တစ်သီးပုဂ္ဂလဆိုင်ရာအခွင့်အရေးများနှင့် အစုအဖွဲ့ဆိုင်ရာ အခွင့်အရေးများ၊ နိုင်ငံသားတိုင်းနှင့် မှီတင်းနေထိုင်သူများအားလုံးအတွက် တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကိုအခြေခံသည့် ဘဝရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် ဥစ္စာဓန သိုမှီးပိုင်ခွင့်တို့ကို ခြွင်းချက်မရှိ အာမခံသည့် အခွင့်အရေးကြေညာစာတမ်း ဖြစ်စေရမည်။ ထို့အပြင် နိုင်ငံသားအားလုံး၏ တာဝန်၊ ဝတ္တရားများကိုလည်း ထည့်သွင်းဖော်ပြစေရမည်။

**လွတ်မြောက်ရေးသံန္နိဌာန်ကြေညာစာတမ်းသည်** အစိတ်အပိုင်း (၂) တွင် လူမျိုးပေါင်းစုံပါရှိသည့် ပြည်သူတစ်ရပ်လုံး၏ သဘောထားနှင့် ညွန့်ပေါင်းအဖွဲ့ဝင်အဖွဲ့အစည်းအားလုံး၏ ညီညွတ်သော သံန္နိဌာန်ကို ထင်ဟပ်စေလျက်_

၁။ လူ့တစ်ဦးတစ်ယောက်ချင်းစီ၏ အခွင့်အရေးနှင့် တန်ဖိုးများ

၂။ လူမျိုးပေါင်းစုံတို့၏ လွတ်လပ်မှု၊ တန်းတူမှု နှင့် တရားမျှတမှုဆိုင်ရာ တန်ဖိုးများ

၃။ ပြည်နယ်များအားလုံး၏ တန်းတူမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာတန်ဖိုးများ

၄။ ပြည်ထောင်စုကြီးတစ်ခုလုံးအပေါ်တွင် ထားရှိသည့် ပြည်သူလူထုအားလုံးနှင့် အဖွဲ့ဝင်ပြည်နယ် အားလုံးတို့၏ စုပေါင်းခေါင်းဆောင်မှု၊ ညီညွတ်မှုတို့ကို ထင်ဟပ်စေရမည်။

**လွတ်မြောက်ရေးသံန္နိဌာန်ကြေညာစာတမ်းသည်** အစိတ်အပိုင်း (၃) တွင် လာရောက်ပေါင်းစည်းကြသောအဖွဲ့ဝင်များ၊ ပြည်နယ်များနှင့် လူမျိုးစုံတို့သည် ဘုံတူညီသော နိုင်ငံရေးလုပ်ငန်းစဉ် သဘောတူညီချက်တစ်ရပ်ကိုလည်း အတူတကွ ကတိပြုကြရမည်_

၁။ အနာဂတ်ပြည်ထောင်စုဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေး လုပ်ငန်းစဉ်များ

၂။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ရရှိစေရမည့်အခွင့်အရေးများ

၃။ အနာဂတ်တွင် တည်ထောင်ကြမည့် ပြည်ထောင်စုတပ်မတော်ဖွဲ့စည်းရေး

၄။ အနာဂတ်တွင်ရရှိစေရမည့် တစ်သီးပုဂ္ဂလအခွင့်အရေး၊ လူမျိုးစုအခွင့်အရေး အားလုံးကို သဘောတူညီချက်ရရှိစေရမည်။

**လူမျိုးပေါင်းစုံ အထွေထွေ သပိတ်ကော်မတီ**
**General Strike Committee of Nationalities**

gscn2021@gmail.com